# ဝါတွင်း ဒုတိယ တနင်္ဂနွေနေ့။

## ပထမကျမ်း ဖတ်ရှုခြင်း။

ကမ္ဘာဦးကျမ်း (၂၂။ ၁ မှ ၂၊ ၉က၊ ၁၀ မှ ၁၃၊ ၁၅ မှ ၁၈ အထိ)

ကာလအတန်ကြာသောအခါဘုရားသခင် သည် အာဗြဟံ ၏ နာခံ ခြင်း သဘောကိုစစ်ဆေးတော်မူ ၏။ ဘုရားသခင်က``အာဗြဟံ'' ဟု ခေါ်လျှင် အာဗြဟံက``အကျွန်ုပ်ရှိပါ ၏ အရှင် ဘုရား'' ဟု ထူးလေ ၏။ ထိုအခါဘုရားသခင်က``သင်အလွန်ချစ်သော သင် ၏ တစ်ဦးတည်းသောသား ဣဇာက်ကို ခေါ်ဆောင် ၍ မောရိ ပြည် သို့ သွားလော့။ ထိုအရပ် တွင် ငါပြ မည့်တောင်ပေါ်၌ သူ့ကိုယဇ်ကောင်အဖြစ်ဖြင့် ငါ့အားပူဇော်လော့'' ဟုအမိန့်ပေး တော်မူ ၏။

ဘုရားသခင်ညွှန်ပြတော်မူသောအရပ် သို့ ရောက်ကြသောအခါ အာဗြဟံ သည် ယဇ်ပလ္လင် ကိုတည် ၍ ထင်းကိုပလ္လင်ပေါ်တွင် ပုံ ၏။ ထိုနောက်သားကိုသတ် ရန် ဓားကိုယူလိုက် ၏။ ထိုအခိုက် တွင် ထာဝရဘုရား ၏ ကောင်းကင်တမန် သည် ``အာဗြဟံ၊ အာဗြဟံ'' ဟု ကောင်းကင် မှ ခေါ်လေ ၏။ အာဗြဟံက``အကျွန်ုပ်ရှိပါ ၏ အရှင်ဘုရား'' ဟုထူးလေ ၏။ ကောင်းကင်တမန်က``သူငယ်အား မည် သို့ မျှမနာမကျင်စေ နှင့် ။ သင် သည် တစ်ဦးတည်းသောသားကို ငါ့အားပူဇော် ရန် မငြင်းဆိုခဲ့သဖြင့် ဘုရားသခင်ကိုကြောက်ရွံ့ရိုသေ ၍ အမိန့်တော်ကို နာခံသူဖြစ်ကြောင်း ယခုငါသိရပြီ'' ဟုမိန့် တော်မူ ၏။ ထိုနောက် အာဗြဟံ သည် မော် ၍ ကြည့်လိုက်သော အခါ ချုံထဲ တွင် ဦးချိုငြိနေသောသိုးထီးတစ် ကောင်ကိုမြင်ရလေ သည်။ သူ သည် သွား ၍ ထိုသိုး ကိုယူဆောင်ခဲ့ပြီး လျှင် သား ၏ ကိုယ်စား မီးရှို့ရာယဇ်ကောင်အဖြစ် ပူဇော်လေ ၏။

ထာဝရဘုရား ၏ ကောင်းကင်တမန် သည် ကောင်းကင်မှ အာဗြဟံကို ဒုတိယအကြိမ် ခေါ်၍ ``ငါထာဝရဘုရား၊ ယခုမိန့်ကြားနေ သည်။ ငါ သည် သင့်အား ကြွယ်ဝစွာ ကောင်းချီးပေး မည်။ သင် ၏ တစ်ယောက်တည်းသောသားကိုငါ တောင်းသည့်အ တိုင်း ငြင်းဆန် ခြင်း မပြု ဘဲ ပူဇော်သည့်အမှုကြောင့် သင် ၏ အဆက်အနွယ်ကို မိုးကောင်းကင်ရှိ ကြယ် များ ကဲ့ သို့ လည်းကောင်း၊ ပင်လယ်ကမ်းခြေ ရှိသဲပွင့် များ ကဲ့ သို့ လည်းကောင်း များ ပြား စေမည်။ သင် ၏ အဆက်အနွယ်တို့ သည် သူတို့ ၏ ရန် သူ များကို တိုက်ခိုက်အောင်မြင်လိမ့် မည်။ သင် သည် ငါ ၏ အမိန့်ကိုနာခံသောကြောင့်သင် ၏ အဆက်အနွယ်

တို့ သည် ကောင်းချီးခံရသည့် နည်းတူကမ္ဘာပေါ်ရှိလူမျိုးအပေါင်းတို့ကသူ တို့အားလည်း ကောင်းချီးပေး ရန် ငါ့အားတောင်း လျှောက်ကြလိမ့်မည်'' ဟုမိန့်တော်မူ သည်။

ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။

## ဆာလံသီချင်း ကျေးူးခြင်း။

ဆာလံ ၁၁၆။

သံပြိုင်။ ။အသက်ရှင် သော သူ တို့ ၏ နိုင်ငံ တွင် ထာဝရ ဘုရားသခင် ၏ ရှေ့တော် ၌ ငါ သည် လျှောက်လှမ်းသွားမည်။

- ငါ သည် ဒုက္ခကြီးစွာရောက်လေပြီဟု ပြောဆိုမိ သော အခါ ၌ ပင် လျှင် ငါ ၌ ယုံကြည် ခြင်း ရှိ ၏။ ကိုယ်တော် ၏ သန့်ရှင်း သူတို့သေဆုံး ခြင်း သည် ထာဝရ ဘုရားသခင် ၏ ရှေ့တော် ၌ တန်ဖိုး ကြီးမား လှပေ ၏။ (သံပြိုင်)

- အို ထာဝရ ဘုရားသခင် ၊ အကျွန်ုပ် သည် ကိုယ်တော် ၏ အစေခံဖြစ်ပါ ၏။ အကျွန်ုပ် သည် ကိုယ်တော် ၏ အစေခံဖြစ် ၍ ကိုယ်တော် ၏ အစေခံမမှ မွေးသောသားလည်းဖြစ်ပါ ၏။ ကိုယ်တော် သည် အကျွန်ုပ် ကို ချည်နှောင် ထား သော အနှောင်အဖွဲ့တို့မှ ဖြေလွှတ် တော်မူ လေပြီ။ ၁၇ အကျွန်ုပ် သည် ကိုယ်တော် အား ကျေးဇူး တော် ချီးမွမ်း ရာယဇ်ကို ဆက်ကပ်ပူဇော် ၍ ကိုယ်တော် ၏ နာမတော်ကို ခေါ် တပြီး ဆုတောင်းပတ္ထနာပြုပါမည်။ (သံပြိုင်)

- ကိုယ်တော့်လူမျိုးတော် ၏ ရှေ့မျက်မှောက် တွင် အကျွန်ုပ် သည် ထာဝရ ဘုရားသခင် အား ကတိသစ္စာပြုမည်။ ၁၉ အိုဂျေရုဆလင်၊ သင် ၏ အလယ် နှင့် ထာဝရ ဘုရားသခင် ၏ ဗိမာန်တော်ပရိဝုဏ်အ တွင်း တွင် အကျွန်ုပ် ကတိသစ္စာပြုပါမည်။ ထာဝရ ဘုရားသခင် အား ချီးမွမ်း ထောမနာပြု ကြလော့။ (သံပြိုင်)

## ဒုတိယကျမ်း ဖတ်ရှုခြင်း။

မွန်မြတ်သောတပည့်တော်ကြီး ရှင်ပေါလူး ရောမမြို့သားတို့ထံ ရေးသောစာ။ (၈၊ ၃၁ မှ ၃၄ အထိ)

ညီအစ်ကို မောင်နှမအပေါင်းတို့၊

ဘုရားသခင် သည် ငါတို့ဘက် ၌ ရှိ တော်မူ လျှင် မည်သူ သည် ငါ တို့ ကို ဆန့်ကျင်မည်နည်း။ မိမိ ၏ သားတော် ရင်းကိုပင် နှမြောတွန့်တို ခြင်း မရှိ ဘဲ ငါတို့ အားလုံး အတွက် စွန့် တော်မူ သော ကိုယ်တော် သည် သားတော် နှင့် တကွ ခပ်သိမ်းသောအရာ တို့ ကို ငါတို့ အားမပေး ဘဲ နေ တော်မူ မည်လော။ မည်သူ သည် ဘုရားသခင် ရွေးချယ်ထား တော်မူ သော သူ တို့ ကို စွပ်စွဲ အပြစ် တင်မည်နည်း။ ဖြောင့်မတ် ရာ သို့ ရောက်စေ သော သူ ကား ဘုရားသခင် ကိုယ်တော် တိုင်ဖြစ် တော်မူ ၏။ မည်သူ သည် အပြစ် စီရင် မည်နည်း။ အပြစ် စီရင် မည့်သူ ကား အသေခံ တော်မူ သည် သာမက သေ ခြင်း မှရှင်ပြန်ထမြောက်ပြီး ဘုရားသခင် ၏ လက်ယာတော် တွင် ထိုင်နေ တော်မူ သော ယေဇူး ခရစ်တော် ပင်ဖြစ် ၏။ ထိုအရှင် သည် ငါတို့ အတွက် အမှန်ပင်ကြားဝင်ဆုတောင်းပေးလေ ၏။

**ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။**

**ကြွေးကြော်သံ။** (ရှင်မာသေဦး ၁၇၊ ၅)

တောက်ပသော တိမ်တိုက်ထဲမှ ခမည်းတော်၏ အသံကြားရသည်ကား၊

ဤသူသည် ငါအလွန်နှစ်သက်မြတ်နိုးရာ ငါ၏ ချစ်သားပေတည်း၊ သူ့ကို နာခံကြလော့။

## ဧဝံဂေလိကျမ်းစာ ဖတ်ရှုခြင်း။

ရဟန်း ဘုရားသခင်သည် သင်တို့နှင့် ရှိပါစေ။

ပရိသတ် ကိုယ်တော်၏ ဝိညာဉ်နှင့်လည်း ရှိပါစေ။

ရဟန်း ရှင်မာကု ရေးထားသော သန့်ရှင်းသော ဧဝံဂေလိကျမ်းတည်း။ (၉၊ ၂ မှ ၁၀ အထိ)

ပရိတ်သတ် အိုဘုရားသခင် ကိုယ်တော်အား ဘုန်းတော်ဂုဏ်တော်ရှိပါစေ။

ယေဇူး သည် ပေတရု၊ ယာကုပ် နှင့် ယောဟန် တို့ ကို မြင့်သောတောင်ပေါ် သို့ အခြားသူ များ မပါ ဘဲ ခေါ် သွား တော်မူ ၏။ ထို့နောက် ကိုယ်တော် သည် သူတို့ရှေ့၌ ပင် အဆင်းသဏ္ဍာန်ပြောင်းလဲ တော်မူလေ၏။ ကိုယ်တော်၏ အဝတ်တော်တို့ သည် ထွန်းလင်းတောက်ပ ၍ အလွန်ဖြူဖွေးလာ၏။ ဤကဲ့သို့ ဖြူစေ ခြင်း ငှာကမ္ဘာမြေကြီးပေါ် ရှိ မည် သည့် ခဝါသည်မျှ မတတ်နိုင်ချေ။ ထိုခဏ၌ ဧလိယသည် မိုးဇက် နှင့် အတူ တပည့်တော်တို့ ၏ ရှေ့ တွင် ပေါ်လာ ၍ သူတို့ သည် ယေဇူး နှင့် စကားပြောဆိုကြလေ ၏။ ထိုအခါပေတရုကဆရာသခင်၊ ဤအရပ်သည် အကျွန်ုပ် တို့အဖို့ အလွန်နေစရာကောင်းပါ၏။ တဲသုံးဆောင်ကို ကိုယ်တော့်အတွက် တစ်ဆောင်၊ မိုးဇက် အတွက် တစ်ဆောင်၊ ဧလိယ အတွက် တစ်ဆောင် ဆောက်ကြပါစို့ ဟု ယေဇူးအား လျှောက်ထားလေ ၏။ အကြောင်း မူကား သူတို့ သည် အလွန်ပင်ကြောက်ရွံ့ တုန်လှုပ် နေကြ သောကြောင့် သူ သည် မည် သည့် အရာကိုပြော မှန်းမသိချေ။ ထိုအခါ မိုးတိမ် သည် သူ တို့ ကို ဖုံးလွှမ်း ၍ မိုးတိမ်ထဲမှ အသံလာ သည် ကား ဤသူ သည် ငါအလွန်နှစ်သက်မြတ်နိုးရာ ငါ၏ ချစ်သားပေတည်း။ သူ့ ကို နာခံ ကြလော့ဟူ ၍ ဖြစ်သတည်း။ သူတို့ သည် ရုတ်တရက် မိမိ တို့ ပတ်လည် သို့ လှည့်ကြည့်ကြ သော အခါ ယေဇူး မှလွဲ ၍ အခြားမည် သူ့ ကို မျှ မိမိ တို့ နှင့် အတူ မတွေ့ကြတော့ချေ။ သူတို့ သည် တောင်ပေါ်မှ ဆင်းလာကြသော အခါ ကိုယ်တော်က လူသားသည် သေခြင်း မှရှင်ပြန်ထမြောက်ပြီးသည် အထိ ယခု သူတို့မြင်ခဲ့သော အရာ များ ကို မည် သူ့ ကို မျှ မပြောကြား ရန် သူတို့အား တားမြစ် တော်မူ ၏။ ထို့ကြောင့် သူတို့ သည် ဤ အကြောင်း ကို မိမိ တို့ ၏ စိတ်အတွင်း ၌ သာ ထား ၍ သေ ခြင်း မှရှင်ပြန်ထမြောက် ခြင်း ဆို သည် မှာမည် သည့် အရာကိုဆိုလိုသနည်းဟု အချင်းချင်းပြောဆို မေးမြန်း ကြ ၏။

**ဘုရားသခင်၏ ဧဝံဂေလိ နှုတ်ကပါဌ်တော်ပေတည်း။**)

(အို ခရစ်တော်သခင် ကိုယ်တော်ရှင်အား ချီးမွမ်း ထောမနာရှိပါစေ။)